မာတိကာ

◆ ဥယျာဇဉ် က
◆ ဆုရွေးချယ်သူ၏ အမှာစာ ခ
◆ ရွှေဘိုမင်းသုခရဲ့ စိစဉ်တည်းဖြတ်မှု ဃ
◆ အနှိုင်းမဲ့အမေ ဈ
၁။ တိရစ္ဆာန်လူသား ၁
၂။ ခံယူတတ်စေ မိဘအမွေ ၃
၃။ တန်ပြန်ပေးဆပ်ခြင်း ၅
၄။ တိုင်ကိုတွယ်သောနွယ်လေးများ ၇
၅။ ပုခက်လွှဲသောမိခင်၏လက်သည် ၁၀
၆။ အဆီစားသူများ ၁၃
၇။ သက်ပြင်းမော ၁၄
၈။ မိဘမေတ္တာ ၁၆
၉။ စူးနစ်ခံစားရသော နှလုံးသားရပ်ဝန်းမှသည် ၁၈
၁၀။ အလာနှောင်းခဲ့လျှင် ၂၀
၁၁။ ကျေးဇူးရှင်အဖေ ၂၂
၁၂။ သံစဉ်မဲ့ကထာ ၂၅
၁၃။ မလင်းတော့သောစွမ်းအင် ၂၈
၁၄။ ထူးဆန်းတဲ့ မေတ္တာမြင်းလှည်းလေး ၃၃
၁၅။ အစားထိုးလို့မရတဲ့ မိဘ ၃၆
၁၆။ ကြေးစည်သံ ၃၉
၁၇။ ဆပ်၍မကုန်နိုင်သော အမေ့ရဲ့ကျေးဇူး ၄၂
၁၈။ မုန်တိုင်းကြားက မေတ္တာမီးအိမ် ၄၆
၁၉။ တမလွန်မှအဖေသိကြားနိုင်ပါစေ ၄၉
၂၀။ စက်ဝိုင်း ၅၂
၂၁။ ရင်ခွင်ပျောက်သောနေ့ ၅၅
၂၂။ ပျော်ပါစေမယ်၊ မျှော်ပါအမေရယ် ၅၈
၂၃။ ခွင့်မလွှတ်ပါနဲ့အမေ ၆၁
၂၄။ ခွင့်လွှတ်ပါ လက်မလွှတ်ပါနဲ့ ၆၃
၂၅။ လွှမ်းမိုးခြင်း ၆၆
၂၆။ နှောင်တ ၆၉
၂၇။ အတ္တဆန်သောအမေမဟုတ်၊ လောကဆန်သောအမေ ၇၁
၂၈။ မိဘမေတ္တာ ၇၃
၂၉။ မနေ့က...အမေ၊ ဒီနေ့က...ကျွန်တော်၊ မနက်ဖြန်ဆိုတာ... ၇၆
၃၀။ အမေ့ရင်ထဲက ဧရာဝတီ ၈၀
၃၁။ အနန္တ မေတ္တာစစ်တမ်း ၈၂
၃၂။ မိဘမေတ္တာ ၈၅
၃၃။ အောက်မေ့ဖွယ်ရာ အဖေ့မေတ္တာ ၈၈
၃၄။ ကျွေးမေမေ ၉၂
၃၅။ တောင်ကျချောင်းက ရေအလျင် ၉၅
၃၆။ မိဘမေတ္တာအကြောင်း မရေးတော့ဘူး ၉၈
၃၇။ သားဆိုးအမေ ၁၀၀
၃၈။ ရင်ခွင်မဲ့သား ၁၀၂
၃၉။ ထိုပုဂ္ဂိုလ် ၁၀၄
၄၀။ ကိုယ်တွေ့ကြုံမှ နားလည်ခြင်း ၁၀၇
၄၁။ ထာဝရမမေ့သောရင်ခွင် ၁၁၀
၄၂။ မုန်တိုင်းမကြောက်တဲ့ အမေ ၁၁၄
၄၃။ အငြိမ်းချမ်းဆုံးရင်ခွင် ၁၁၆
၄၄။ အနှိုင်းမဲ့ ဖေဖေ ၁၁၈
၄၅။ လမ်းပြကြယ် ၁၂၁
၄၆။ တူသောအကျိုးပေးပါစေ ၁၂၄
၄၇။ မျက်ဝန်းမှတစ်ဆင့် ၁၂၇
၄၈။ မည်းနေသည့်အဖြူရောင် ၁၂၉
၄၉။ နို့တစ်စက်နှင့် ချွေးတစ်ပွင့် ၁၃၁
၅၀။ မိခင်မေတ္တာ ၁၃၃
၅၁။ ရင်ထဲမှာ တမြေ့မြေ့ ၁၃၅
၅၂။ အုံ့မခန်းသော မေတ္တာအနန္တဖြင့် ၁၃၇
၅၃။ မိဘကျေးဇူး မြင်းမိုရ်ဦး ၁၃၉
၅၄။ ကာရန်မဲ့မေတ္တာ ၁၄၁
၅၅။ ဝိညာဉ် မိခင်မေတ္တာရှင် ၁၄၄
၅၆။ လမင်းကွယ်သောည ၁၄၇
၅၇။ အမေ့ဆန္ဒ ၁၄၉
၅၈။ ပန်းဘဝ မလှပသော်လည်း ၁၅၂
၅၉။ အမေ ၁၅၅
၆၀။ မိဘမေတ္တာ ၁၅၇
၆၁။ ဖြူမ ပြောတဲ့ အမေ့အကြောင်း ၁၆၁
၆၂။ နှိုင်းတုမမြင် မေတ္တာရှင် ၁၆၄
၆၃။ အနှိုင်းမဲ့မေတ္တာ ၁၆၆
၆၄။ အသက်နှင့်ရင်း၍ ၁၆၈
၆၅။ အမေဟာ လက်ဦးဆရာပါ ၁၇၀
၆၆။ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းမြဲသာ ၁၇၄
၆၇။ အချစ်နံ့ပါတ်-၁၀၅၆ ၁၇၈
၆၈။ အလွမ်းခံ ၁၈၂
၆၉။ မိခင်စိတ် ၁၈၅
၇၀။ သန့်ရှင်းမေတ္တာရေကြည်ပမာသို့ ၁၈၇
၇၁။ ကြေမွနှလုံးသား ၁၉၀
၇၂။ သားသမီးအတွက် ရဲဝံ့လျက် ၁၉၃
၇၃။ ဖြည့်စွက်မရတဲ့ ကွက်လပ် ၁၉၆
၇၄။ မိဘမေတ္တာ ၁၉၉
၇၅။ အမေ ၂၀၁
၇၆။ ကျေးဇူးကြီးလှ မိနှင့်ဘ ၂၀၃
၇၇။ ထာဝရရှင်သန်နေသည့်မေတ္တာ ၂၀၅
၇၈။ အမေ သာစုခေါ်ပါတော့ ၂၀၈
၇၉။ စေတနာမှန်သော ကံတရား ၂၁၂
၈၀။ ယခုပင် ပြုပြင်လိုက်ပါ ၂၁၅
၈၁။ သမုဒ္ဒရာရေစက် ပိန်းကြာရွက် ၂၁၈
၈၂။ မိဘတိုင်းရဲ့ ရင်မှာ ၂၂၁
၈၃။ ရောဂါ ၂၂၃
၈၄။ အလှည့် ၂၂၅
၈၅။ အသက်နှင့်ရင်း၍များ ချစ်ပြသွားရောသလား ၂၂၆
၈၆။ လယ်စားမင်းသား ၂၂၈
၈၇။ မဆုံးသံသရာမိမေတ္တာ ၂၃၁
၈၈။ သတိနှင့်ခွန်အားပိုင်ရှင် ၂၃၃
၈၉။ လမ်းပေါင်း ၂၃၆
၉၀။ သိစေအပ်ပါသည် ၂၃၇

●

ဆုရွေးချယ်သူ၏ အမှာစာ

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ 'မိဘမေတ္တာ' တစ်မျက်နှာ ဝတ္ထုတိုပြိုင်ပွဲ ဝတ္ထုတိုများ စစ်ဆေးရွေးချယ်ပေးရန် အကူအညီတောင်းပါသည်။ ဝတ္ထုတိုအပုဒ်ပေါင်း (၉၀)ဖြစ်သည်။ အတော်အချိန်ပေးရမည်။ သို့သော် ငြင်း၍ရမည်မဟုတ်။ ကိုဘုန်းဝေနှင့်တကွ လာရောက်ကြသူများမှာ ခင်မင်ရင်းနှီးသော စာရေးဆရာများဖြစ်သည်။ ကိုယ့်အလုပ်ကို အသာထား၊ ရေးလက်စ စာများကို ချ၍ ပြိုင်ပွဲဝင်ဝတ္ထုတိုများကို ဖတ်ရသည်။

ပေါ့ပေါ့လျှံလျှံ သာမန်ဖတ်၍မရ။ ပြိုင်ပွဲဝင်သောဝတ္ထုများဖြစ်သည်။ ကိုယ်ချင်းစာ၍ လေးလေးစားစားဖတ်သည်။ အင်းစိန်စာပေအဖွဲ့ကို ကျေးဇူးတင်ရသေးသည်။ ဝတ္ထုအားလုံးကို စာစီပေး၍ဖြစ်သည်။ သို့မဟုတ်လျှင် လက်ရေးမျိုးစုံကို ဖတ်ရမည်။

ဝတ္ထုအမှတ်စဉ်နှင့် ဝတ္ထုခေါင်းစဉ်သာပါသည်။ ရေးသူအမည် မပါ။ ကောင်းလေစွ။ ဝတ္ထုကောင်း မကောင်းမှတစ်ပါး ဘာသံယောဇဉ်မှ ပတ်သက်ဆက်စပ်ရော အကြောင်းမရှိ။

ဝတ္ထုတစ်ပုဒ်ချင်း အသေအချာဖတ်ပြီး အမှတ်ပေးရသည်မို့ အချိန်ကြာသည်။ တစ်မျက်နှာဝတ္ထုတိုပါဆိုမှ အချို့က နှစ်မျက်နှာ၊ သုံးမျက်နှာ ရေးထားသည်။ မဖွဲ့သင့်သည်တို့ကို ဖွဲ့နေ၍ မပိုသင့်သည်များ ပိုကုန်သည်။

ဝတ္ထုဆိုသည်ကပင် အလွန်ကျစ်လျစ်သိပ်သည်းစွာ ရေးဖွဲ့ရသော စာပေအမျိုးအစားဖြစ်သည်။ မလိုအပ်လျှင် ဝါကျတစ်ကြောင်းမဟုတ် စာတစ်လုံးပင် မပိုသင့်ပါ။ တစ်မျက်နှာဝတ္ထု ဆိုသောအခါ ပို၍ကျစ်လျစ်ရသည်။ အပြောလွယ်သလောက် တကယ်ရေးဖွဲ့ရာတွင် ခက်ခဲပါသည်။

ဝတ္ထုတိုဆိုသည်ကလည်း အစ၊ အလယ်၊ အဆုံး အဖွင့်အပိတ်၊ အချိတ်အဆက်နှင့်မှ လှသည်။ မထင်မှတ်သော အဆုံးသတ်ကလေး၊ အမှတ်မထင် လှည့်ကွက်ကလေးဆင်နိုင်လျှင် ပိုလှသည်။ ဖြစ်ရပ်တစ်ခုကို ရိုးရှင်းစွာရေးသား၍ ပြီးဆုံးသွားလျှင် ဝတ္ထုတို၏ ရသကို ခံစားရမည်မဟုတ်ပါ။ ရေးတတ်သူများ အရေးကောင်းလျှင် တစ်မျက်နှာအတွင်းမှာပင် အချိုးအဆစ် ပြေပြစ်ကျနသော ဝတ္ထုလှလှလေးများ ဖြစ်သွားပါသည်။ ထိုကဲ့သို့သော ဝတ္ထုလေးများပါလျှင် ကောင်းလေစွ။ စစ်နေရင်းနှင့် ဆန္ဒဖြစ်မိသည်။

ဝတ္ထုတိုစာမူ စစ်ဆေးရွေးချယ်ရသည်မှာ ကျောက်တုံးသမားများ တူးဖော်တင်ပြထားသည့် ကျောက်များမှ အကောင်းဆုံးရတနာကို ရှာဖွေရသည်နှင့်တူသည်။ စိတ်လှုပ်ရှားစရာကောင်းသည်။

'ကျောက်ကောင်းလေးများ တစ်လုံးလောက်ရရင်' ဟူသော မျှော်လင့်ချက်နှင့် စိတ်လှုပ်ရှားမိသည်။ ရဖို့က သိပ်မလွယ်။ သို့သော် ရတတ်သည်။

ဤကဲ့သို့သော ပြိုင်ပွဲများမှ ဝတ္ထုတိုကောင်းများ ပေါ်ထွက်လာတတ်သည်။ အတော်လေးဖတ်မိသည်အထိ စိတ်ကြိုက်မတွေ့ရသေး။ ပထမ၊ ဒုတိယ၊ တတိယ ပေးဖို့တောင် ခက်လေမလားဟု စိုးရိမ်မိသည်။

တွေ့ပါပြီ။ အမှတ်စဉ်(၃၆)မှာ တစ်မျက်နှာဝတ္ထုတို ဆိုသည့်အတိုင်း တိုတိုနှင့် လိုရင်းကို အဖွင့်အပိတ် အချိတ်အဆက်နှင့် လှပစွာဖော်ပြထားသည်။ မိဘမေတ္တာကို ထိရောက်ပေါ်လွင်စွာ ဖော်ပြထားသည်။ မြုပ်ကွက်ကလေးပါသည်။ အဆုံးသတ်ပုံကလေးက လှပသည်။ ပေးထားသောခေါင်းစဉ်နှင့်လည်း ချိတ်မိသည်။ ဖတ်ပြီးသည်နှင့် အနုပညာကျောက်ကောင်းတစ်လုံး ကောက်ရသည်မို့ ဝမ်းသာအားရ ဖြစ်မိသည်။

ဆက်တိုက်ပင် အမှတ်စဉ် (၃၇)၊ (၃၈)တို့မှာလည်း ကောင်းကြသည်။ အကြိမ်ကြိမ် ဖတ်ပြီးမှ ပထမ၊ ဒုတိယနှင့် တတိယကို ရွေးချယ်ပါသည်။

နှစ်သိမ့်ဆု (၇)ဆုကို ရွေးချယ်ရာမှာ ပိုခက်ပါသည်။ အမှတ်(၇၀)နှင့် အထက်ပေးထားသော ဝတ္ထုတိုများမှ အကြိမ်ကြိမ် ပြန်ဖတ်ပြီး စိစစ်ရွေးချယ်ရသည်။ ကောင်းတာချင်းတူလျှင် တစ်မျက်နှာဝတ္ထုတို ဆိုသည့်အတိုင်း စာမျက်နှာနည်းသည်ကို ရွေးချယ်ပါသည်။ အချို့မှာ ဝတ္ထုတိုကောင်း ဖြစ်နေသော်လည်း မိဘမေတ္တာ ဖော်ပြခြင်း မဟုတ်၊ သားသမီးဘက်မှ ရိုးဖြောင့်ခြင်းဖြစ်နေ၍ မရွေးနိုင်ပါ။ အချို့မှာ ရသမြောက် ကောင်းမွန်သော်လည်း ဝိညာဉ်ကိစ္စဖြစ်နေ၍ အငြင်းပွားဖွယ်ရာ ဖြစ်သောကြောင့် ချန်လိုက်ရပါသည်။

မျှော်လင့်သည်ထက်ပို၍ ဝတ္ထုတိုကောင်းများစွာကို ဖတ်ခွင့်ရလိုက်ပါသည်။ ထိုအထဲမှ အကောင်းဆုံး (၁၀)ပုဒ်ကို ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအဖြစ် ရွေးချယ်ပေးလိုက်ပါသည်။

လယ်တွင်းသားစောချစ်